# 2 ပြုစုစောင့်ရှောက်မှုအာမခံ

ပြုစုစောင့်ရှောက်မှုအာမခံဖြစ်သည် အသက်အရွယ်ကြီးမြင့်၍ ပြုစုစောင့်ရှောက်ရန်လိုအပ်လာသောအခါ လူမှုပတ်ဝန်းကျင်တွင်အသက်အရွယ်ကြီးသူ နှင့် ပြုစုရန်လိုအပ်သောသူ (ကူညီရယူရန်လိုအပ်သူ)ကို ဖေးမပေးသော စနစ်ဖြစ်သည်။ အသက် ၄၀ နှစ်နှင့် အထက်လူများက စနစ်သို့ဝင်ရောက်၍အာမခံငွေအားစုပေါင်း ပေးဆောင် ပြီးပြုစုစောင့်ရှောက်ရန် လိုအပ်သောအခြေအနေ ဖြစ်သည်ဟုသတ်မှတ်ခြင်းခံရသောအခါ မှုအားဖြင့် ကုန်ကျစရိတ်၏ ၁၀ရာခိုင်နှုန်းသာ ပေးဆောင်၍ ပြုစုစောင့်ရှောက်ဝန်ဆောင်ခြင်း အားအသုံးပြုနိုင်သော ပုံစံဖြစ်သည်။

## 2-1 စနစ်သို့ဝင်ရောက်သူနှင့် ပေးဆောင်ငွေ

### (1) အသက် ၄၀နှစ် ကျော်သူ များကဝင်ရောက်သည်

ဤစနစ်သည် အာမခံကြေးနှင့် အခွန်ငွေဖြင့် လည်ပတ်လျှက်ရှိသည်။ အသက်၆၅နှစ်ကျော်သူများနှင့် အသက်၄၀နှစ်မှ ၆၄နှစ်အတွင်း ဆေးကုသမှုအာမခံ (ပြည်သူ့ကျန်းမာရေးအာမခံနှင့် ကျန်းမာရေးအာမခံ) သို့ဝင်ရောက်ထားသူ အားလုံးက အာမခံငွေအားကျသင့်ခံရသည်။ သို့ဖြစ်၍ နိုင်ငံခြားသား ဖြစ်သော်လည်း နေထိုင်သူ အခြေခံစာရင်းစနစ် နှင့်သက်ဆိုင်သောအသက် ၄၀ ကျော်သူဖြစ်ပါက ပြုစု စောင့်ရှောက်မှု အာမခံ သို့ဝင်ရောက်ရန်လိုအပ်သည်။ ထို့အပြင် ဂျပန်နိုင်ငံသို့ ဝင်ရောက်စဉ်၃လအောက်နေထိုင်ခွင့်ဖြင့်နေထိုင်သူဖြစ်ပြီး နေထိုင်သူအခြေခံစာရင်းစနစ်ဖြင့်မသက်ဆိုင်သော်လည်း ၃လကျော် ကြာမြင့်နေထိုင်သွားနိုင်သည့်ဟု ယူဆနိုင်ပါက သက်ဆိုင်ရာမြို့နယ်၏ဆုံးဖြတ်ချက်ဖြင့် ပြုစုစောင့်ရှောက်မှု အာမခံသို့ ဝင်ရောက်ရန်ပြောကြားခြင်းကိုခံရနိုင်သည်။ (အသက် ၄၀မှ၆၄ နှစ်အတွင်းရှိသူများ မှာဆေးကုသမှု အာမခံအဖွဲ့အစည်း၏ ဆုံးဖြတ်ချက်အပေါ်တွင်မူတည်သည်။)

| | | |
|---|---|---|
| ･ပထမအဆင့်အာမခံထားသူ | : | အသက်၆၅ နှစ် ကျော်လွန်သူနေထိုင်သူအားလုံး |
| ･ဒုတိယအဆင့်အာမခံထားသူ | : | အသက်၄၀ မှ ၆၄နှစ်အတွင်း ကျန်းမာရေးအာမခံစနစ်သို့ ဝင်ရောက်ထားသူ နေထိုင်သူအားလုံး |

### (2) အာမခံ ပေးဆောင်ငွေ

ပထမအဆင့်အာမခံထားသူ၏အာမခံပေးဆောင်ငွေအားမြို့နယ်မှ မြို့နယ်၏နေထိုင်မှုအခွန်ကောက်ခံမှု အပေါ်မူတည်၍ သတ်မှတ်သည်။ ဒုတိယအဆင့် အာမခံထားသူသည်ပြည်သူ့ကျန်းမာ ရေးအာမခံအစရှိသောဆေးကုသမှုအာမခံ ပေးဆောင်ငွေအပေါ်တွင်ထပ်ပေါင်း၍ ပေးဆောင်ရသော ပုံစံဖြစ်သည်။ အာမခံ ပေးဆောင်ငွေ မှာ ဝင်ရောက်သော ဆေးကုသမှုအာမခံစနစ်အပေါ်မူ တည် ၍ကွဲပြားသည်။